# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနေ့တွင် ပြည်တွင်းနှင့်နိုင်ငံတကာ သတင်းမီဒီယာများ သတင်းရယူခွင့်ရှိကြောင်း အသိပေးကြေညာခြင်း

၁။ အထွေထွေရွေးကောက်ပွဲကျင်းပမည့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် သတင်းမီဒီယာများအနေဖြင့် သတင်းရယူမှုကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်များနှင့်အညီ လွတ်လပ်စွာ သတင်းရယူခွင့်ရှိပါသည်။

၂။ သတင်းရယူလိုသည့် ပြည်တွင်းမီဒီယာများကို အထွေထွေရွေးကောက်ပွဲကျင်းပမည့် ခရိုင်တစ်ခုချင်းစီအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များတွင် မီဒီယာတစ်ခုလျှင် (၄) ဦးနှုန်းဖြင့် သတင်းရယူခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ သတင်းမီဒီယာသမားများသည် ရွေးကောက်ပွဲနေ့သတင်းရယူခွင့် သက်သေခံကတ်ပြားများ လျှောက်ထားရာတွင်−

(က) ပြည်တွင်းသတင်းမီဒီယာသမားများသည် မိမိကိုယ်စားပြုသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းမှ ရွေးကောက်ပွဲသတင်းရယူရန် တာဝန်ပေးစေလွှတ်ထားသူ ဖြစ်ကြောင်း အထောက်အထားစာကိုတင်ပြ၍ သက်ဆိုင်ရာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရမည်။ ခရိုင်တစ်ခုထက်ပို၍ သတင်းရယူလိုပါက သတင်းရယူလိုသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံတွင် ထပ်မံလျှောက်ထားရမည်၊

(ခ) ပြည်တွင်းပုဂ္ဂလိကသတင်းမီဒီယာသမားများသည် ကိုယ်တိုင်ရေးလျှောက်လွှာတွင် မိမိနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်း၏ ထောက်ခံချက်စာကိုတင်ပြ၍ သက်ဆိုင်ရာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။ ခရိုင်တစ်ခုထက်ပို၍ သတင်းရယူလိုပါက သတင်းရယူလိုသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံတွင်ထပ်မံ လျှောက်ထားရမည်၊

(ဂ) နိုင်ငံတကာသတင်းမီဒီယာများသည် ပြန်ကြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်ထောက်ခံပေးသည့် နိုင်ငံတကာ သတင်းမီဒီယာအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကိုသာခွင့်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၄။ သတင်းမီဒီယာသမားများသည် ရွေးကောက်ပွဲနေ့သတင်းရယူခွင့် သက်သေခံကတ်ပြားများ လျှောက်ထားခြင်းကို ၂၃-၁၀-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်